# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

# အမိန့်ကြော်ငြာစာ

**အမှတ်၊ ၃ /၂၀၁၆**

**၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲမှုများပြုလုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှ ပေးအပ်သော လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ပေးနိုင်ရန် အလို့ငှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ ၂၀၁၃ ခုနှစ်၊ အခန်း(၃)၊ ပုဒ်မ ၅(ခ)တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် **"နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့်မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများအားလုံးနှင့် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများအား ချက်ချင်းအသိပေး၍ သတင်းထုတ်ပြန်ခြင်း၊ အကူအညီအထောက်အပံ့များ တောင်းခံရယူခြင်းများကို ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လျော့ပါးစေရေး၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတကာအသိုက်အဝန်းမှအကူအညီများ ရရှိအောင် ကြိုတင်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(ဂ) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်နွယ်သည့် ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံတကာမှ နိုင်ငံအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ အလှူရှင်များ၏ကူညီပံ့ပိုးသော အထောက်အပံ့ပစ္စည်းများအား သဘာဝဘေးသင့်ဒေသများသို့ထိရောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊

လုပ်ငန်းကော်မတီများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်၊

(င) ပြည်ဝင်ဗီဇာထုတ်ပေးနိုင်ရေး၊ လေဆိပ်တွင် လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး၊ လေယာဉ်ပြတ်သန်းခွင့်၊ ဆင်းသက်ရပ်နားခွင့်ရရှိရေး၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းတို့မှတစ်ဆင့် ဝင်ရောက်လာသည့်အခါ အခွန်ကင်းလွတ်ခွင့်ရရှိရေးတို့အတွက်သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(စ) အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ သဘာဝဘေးအတွေ့အကြုံဖလှယ်မှုများမှ တစ်ဆင့် မြန်မာနိုင်ငံအတွက် လိုအပ်သောပြင်ဆင်ဆောင်ရွက်မှု၊ ပညာပေးမှု၊ ပြန်လည်ထူထောင်ပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အခါအားလျော်စွာသုံးသပ် အကြံပြုသွားရန်၊

(ဆ) ပြည်ပရောက်သဘာဝဘေးသင့် မြန်မာနိုင်ငံသားများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဇ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလအချိန်အခါနှင့် လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဈ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ည) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို အခြားလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်။

ဥက္ကဋ္ဌ(ကိုယ်စား)

စိုးအောင်

အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ